


အတွဲ (၃) အမှတ် (၃)    ၂၀၂၄ ခုနှစ်၊ မေ (၃၀) ရက်

## ၂၀၂၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခြင်းမှကောက်နှုတ်ချက်





“မိမိတို့ဒေသသို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသတွင်း ငွေကြေးလည်ပတ်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသသာယာလှပရေး၊ တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက် အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း”

---

## ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) တွင် အမှာစကားပြောကြားခြင်းမှ ကောက်နှုတ်ချက်





“နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသာမက ဝန်ဆောင်မှုလုပ်ငန်းများလည်းပါဝင်ကြောင်း၊ ဒေသထွက်စားသောက်ကုန်များ သန့်ရှင်းကောင်းမွန်မှုများရှိစေရေးဆောင်ရွက်ကြရန်၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ တည်းခိုရေးနှင့် သက်ဆိုင်သည့် ဟိုတယ်များနှင့်တည်းခိုခန်းများ၊ စားသောက်ရေးနှင့် အသုံးအဆောင်ပစ္စည်းများ အဆင့်အတန်းရှိရှိဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း”

# မာတိကာ


| | |
|---|---|
| ❖ ၂၀၂၄ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားခြင်းမှ ကောက်နုတ်ချက် | ၁ |
| ❖ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) တွင် အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် | ၁ |
| ❖ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာ အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ် | ၃ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများရှင်းလင်း | ၃-၄ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဝန်ထမ်းမိသားစုများ၏ ရေကစားမင်္ဂလာပဉ္စ အတာရေသဘင်ပွဲ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ | ၄ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေး စီမံချက်ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ | ၄ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ | ၄-၅ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများပေးအပ် | ၅ |
| ❖ ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ (Investment Forum) ကျင်းပ | ၅-၆ |
| ❖ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ | ၆-၇ |
| ❖ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြန်အလှန်ဆွေးနွေးညှိနှိုင်းရေးဆွေးနွေး | ၇ |
| ❖ နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၇-၈ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကျင်းပ | ၈ |
| ❖ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ | ၈-၉ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှ CEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၉ |
| ❖ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ခရီးစဉ်များ ရေးဆွဲဖော်ဆောင်ကြရန်လိုအပ် | ၁၀ |
| ❖ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်းသော အချက်အလက်များ နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Website များတွင် ပိုမိုပါဝင်လာစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၀-၁၁ |
| ❖ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အခြေခံသင်တန်းအမှတ်စဉ် (၅၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ | ၁၁ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲကျင်းပ | ၁၁-၁၂ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၂ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်းနှင့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပြုလုပ်သော ဝန်ထမ်းထုမိတ်ဆုံစားပွဲသို့ တက်ရောက် | ၁၂-၁၃ |
| ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့တက်ရောက် | ၁၃ |
| ❖ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက် | ၁၃-၁၄ |
| ❖ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများပေးနိုင် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၇၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး | ၁၄-၁၅ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး ကျိုင်းတုံမြို့၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်သို့တက်ရောက် | ၁၅-၁၆ |
| ❖ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်(၂၀၂၄)နှင့် ဆက်စပ်အစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင် တက်ရောက် | ၁၆ |
| ❖ လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ | ၁၇ |
| ❖ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ | ၁၇-၁၈ |
| ❖ ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသောအစီအစဉ်များ | ၁၈ |
| ❖ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ | ၁၈-၁၉ |
| ❖ မွန်ပြည်နယ် | ၁၉ |
| ❖ စစ်ကိုင်းတိုင်းဒေသကြီး | ၁၉ |
| ❖ မကွေးတိုင်းဒေသကြီး | ၁၉ |
| ❖ ပဲခူးတိုင်းဒေသကြီး | ၁၉-၂၀ |
| ❖ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ | ၂၀ |


**********

## မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာ အလားအလာရှိသော ဈေးကွက်တစ်ခုဖြစ်



တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်ပွဲ အခမ်းအနားကို ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်း ကျောင်းတာဝန်ခံ ကျောင်းအုပ် ဦးအောင်မင်းစိုးနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီးနယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအနေအထားအရ တရုတ်ခရီးသွားဈေးကွက်သည် ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်၏ မောင်းနှင်အားတစ်ခုဖြစ်ပြီး ကမ္ဘာနှင့်တစ်ဝန်း သွားလာလည်ပတ်မှုအများဆုံး အနေအထား၌ ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ တရုတ်ခရီးသွားများသွားလာလည်ပတ်မှု အများဆုံးခရီးစဉ်ဒေသများတွင် အရှေ့တောင်အာရှဒေသ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ခရီးသွားဈေးကွက်မှာ အလားအလာရှိသော ဈေးကွက်တစ်ခုပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ ဗီဇာဖြင့် ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှု စာရင်းတွင် တရုတ်ခရီးသွားဧည့်သည်ရောက်ရှိမှုမှာ ထိပ်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ တရုတ်ဘာသာစကားပြောသင်တန်းများကိုလည်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်နှင့် ပုဂံတို့တွင် သက်ဆိုင်ရာသံရုံး၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့်ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ ယခုသင်တန်းကို ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်ကြားရေးဌာနမှ သင်ကြားပေးမည်ဖြစ်ပြီး တက်ရောက်ကြမည့် ဝန်ထမ်းများအနေဖြင့် အကျိုးရှိရှိ ထိရောက်အောင် လေ့လာသင်ယူကြရန်နှင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန် ဆက်လက်ကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်လျော်ညီသည့် စွမ်းရည်များရှိစေရန် ကြိုးစားပြီး ဝန်ကြီးဌာနမှ အားကိုး အားထားပြုရသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြ ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းတာဝန်ခံ ကျောင်းအုပ် ဦးအောင်မင်းစိုးက သင်တန်းကျောင်းဖွင့်လှစ်နေမှု၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ယခုတရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တရုတ်ဘာသာစကားပြော HSK-1 နှင့် HSK-2 သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။ အဆိုပါ တရုတ်ဘာသာစကားပြောသင်တန်းများကို သင်တန်းကာလ နှစ်လအကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သူများ၏ အတွေ့အကြုံများရှင်းလင်း



ပြည်ပနိုင်ငံများသို့ ကိုယ်စားလှယ်များအဖြစ် သွားရောက်၍ ရရှိခဲ့သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဧပြီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းအမှုထမ်းများ တက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်းအမှုထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြ သည်။

အခမ်းအနားတွင် E-government ဌာနခွဲမှညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့် လေ့ကျင့်ရေးနှင့်ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၁၅)ကြိမ်မြောက် မကာအိုခရီးသွားလုပ်ငန်းအင်စတီကျူနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် ဆွေးနွေးပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၃ သို့ တက်ရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခြင်း၊ သိရှိလိုသည်များကို မေးမြန်းဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးများ တိုးတက်လာစေရေးအတွက် ပြည်တွင်း/ ပြည်ပနိုင်ငံများရှိ သင်တန်း၊ အစည်းအဝေးများနှင့် နိုင်ငံတကာပြပွဲများသို့ စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာ

သည့် အခြေအနေများကို သိရှိနားလည်ကြရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာမှတ်သားပြီး မိမိနိုင်ငံနှင့် ကိုက်ညီမှုရှိသည်များကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်၌ မိုက်စ်(MICE) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက-အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍပုံရိပ်ကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးစားကြရန် ပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင် ဝန်ထမ်းမိသားစုများ၏ ရေကစားမဏ္ဍပ်၌ အတာရေသဘင်ပွဲ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်မှ ၁၃၈၆ ခုနှစ်သို့ကူးပြောင်းမည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ရေကစားမဏ္ဍပ်ဖြင့် ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး သင်္ကြန်အကြတ်နေ့ ဧပြီ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့်ခင်ပွန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ အရာရှိကြီးများနှင့်ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အတာရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယိမ်းအကအဖွဲ့မှ သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေခြင်းကို ကြည့်ရှုအားပေးပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များကို အတာသင်္ကြန်ရေပက်ဖျန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ခင်ပွန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ဝန်ထမ်းမိသားစုများနှင့်အတူ ရေပက်ကစားပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကာ တက်ရောက်လာကြသော ဧည့်ပရိသတ်များကို မြန်မာ့ရိုးရာ အစားအစာများဖြင့် စတုဒိသာကျွေးမွေးဧည့်ခံခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတွင် မီးဘေးလုံခြုံရေးစီမံချက် ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ဧပြီ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနမှ တာဝန် ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူပြင်းခြောက်သွေ့သော နွေရာသီကာလကို ရောက်ရှိလာသဖြင့် အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာပါက ချက်ချင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဝန်ထမ်းအားလုံး သိရှိနားလည်ဆောင်ရွက်တတ်စေရန် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန ရုံးအဆောက်အဦပရဝုဏ်အတွင်းအပြင်၊ ရုံးပစ္စည်းကိရိယာများနှင့် အရေးကြီးစာရွက်စာတမ်းများ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မတော်တဆမီးလောင်ကျွမ်းမှုများ ဖြစ်ပွားလာပါက ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ဝန်ထမ်းများအားလုံး မီးဘေးလုံခြုံရေးစီမံချက်ပါ လုပ်ငန်းစဉ်များကို ကောင်းစွာသိရှိထားကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို သေချာလေ့လာသိရှိပြီး ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြရန်နှင့် ဝန်ထမ်းများအားလုံး မီးဘေးအသိ သတိရှိစွာ အထူးဂရုပြုနေထိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးလောင်မှု အခြေခံသဘောတရားများ၊ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှောင်ကြဉ်ရမည့် အချက်များ၊ မီးငြိမ်းသတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးရုံး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက ဝန်ကြီးဌာန၏ မီးဘေးလုံခြုံရေးစီမံချက်ပါ သာမန်အချိန်၊ မီးလောင်မှုဖြစ်ပေါ်ချိန်နှင့် မီးလောင်ကျွမ်းပြီးချိန်တို့တွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ကွပ်ကဲမှုအဖွဲ့၊ ကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ သယ်ယူရွှေ့ပြောင်းရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ပို့ဆောင်ရေးအဖွဲ့ဟူ၍ အဖွဲ့ (၆) ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧပြီလ ၈ ရက်နေ့ ညနေပိုင်းတွင် ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာဆာဂေးဂလေးဇီးယပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပအာရှစီးပွားရေးကော်မရှင်အဖွဲ့ဝင်နိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်း

ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးခဲ့မှု၊ နှစ်နိုင်ငံအစိုးရ-ပုဂ္ဂလိကများအကြား နီးကပ်စွာပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေးဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှု၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့်ကော်မရှင်တွင် ပါရှိသောနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ရေး၊ ယင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များမျှဝေနိုင်ရေး၊ ပင်လယ်ကမ်းရိုးတန်းနှင့်စပ်လျဉ်းသော ခရီးသွားလုပ်ငန်းများ၊ အားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းများဖော်ဆောင်နိုင်ရေး၊ ကော်မရှင်ပါနိုင်ငံများမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ အဆင်ပြေလွယ်ကူချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးဆိုင်ရာကိစ္စ၊ လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲရေးနှင့် ငွေပေးချေမှုအဆင်ပြေစေရေးဆိုင်ရာကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင်ဥရောပအာရှစီးပွားရေးကော်မရှင်တွင် ပါဝင်သောနိုင်ငံများရှိ ခရီးသွားအေဂျင်စီများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများ အချင်းချင်းချိတ်ဆက်၍ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများပေးအပ်



ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ကျင်းပသော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူ များ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စနစ်တကျထုပ်ပိုးထားရှိသော ကြာရှည်ခံ အစားအစာများနှင့် အားဖြည့်အချိုရည်များကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပါသည်။

## ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲ (Investment Forum) ကျင်းပ

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ခရီးသွားကဏ္ဍမြှင့်တင်ရေးကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာဆွေးနွေးပွဲ (Investment Forum) ကို ဧပြီလ ၂ ရက်နေ့တွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနမှူးကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ B.O.T ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံအတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်းမိုင်ပေါင်းလေးသောင်းကျော်ရှိသည့်အနက် လမ်းမိုင်သုံးထောင်ကျော်အား B.O.T

စနစ်ဖြင့် ခွင့်ပြုပေးထားပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ချိတ်ဆက်ထားသော အာရှအဝေးပြေးလမ်းမကြီးများနှင့် ချိတ်ဆက်သည့် B.O.T လမ်းများကိုလည်း အာဆီယံစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ B.O.T လမ်းများအရည်အသွေးပြည့်မီစေရန် အကဲဖြတ်အညွှန်းကိန်းများ Key Performance Indicators (KPIs), International Roughness Index (IRI) များဖြင့် စစ်ဆေးခြင်း၊ လုပ်ငန်းသစ်များ ခွင့်ပြုပေးနိုင်ရေး စိစစ်တင်ပြခြင်း၊ B.O.T စာချုပ်များ ပြင်ဆင်ချုပ်ဆိုခြင်း၊ ခေတ်ကာလနှင့်အညီ လမ်းအသုံးပြုခနှုန်းထားများ ပြင်ဆင်နိုင်ရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

ခရီးသွားကဏ္ဍမြင့်တင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရာတွင် လိုက်နာရမည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်ရှိဆောင်ရွက်နေသည့် B.O.T ကုမ္ပဏီများ၏ အတွေ့အကြုံ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများကို မျှဝေဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ယနေ့ Forum သို့ တက်ရောက်လာသူများအနေဖြင့် သိသင့်သိထိုက်သော အကြောင်းအရာများဖြစ်၍ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆွေးနွေးပြီး အတွေ့အကြုံကောင်းများ ရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာ ရည်မှန်းချက်များ၊ အာဆီယံမှ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်သည့် Working Group ငါးဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လာစေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization- DMO) များ ဖွဲ့စည်းပြီး ခရီးသွားမြင့်တင်ရေးအတွက် DMO Forum များကို ကျင်းပဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍပေါင်းစပ်ညှိနှိုင်းနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးဖော်ထုတ် အဖြေရှာဆောင်ရွက်စေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက Video Clips ဖြင့် အမှာစကားပြောကြားပြီး ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အစိုးရ-ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၊ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးနှင့် တိုက်ရိုက်ဆက်သွယ်သည့် ရန်ကုန်-ပုသိမ်လမ်း၊ ပုသိမ်- ငွေဆောင်လမ်း၊ ပုသိမ်-ချောင်းသာလမ်းတို့နှင့်ပတ်သက်၍လည်းကောင်း၊ B.O.T လမ်းများတွင် ကြုံတွေ့ရသည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ဖြည့်စွက်ဆောင်ရွက်ပေးကာ အစီအစဉ်ပထမပိုင်းအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




မွန်းလွဲပိုင်းတွင် ခရီးသွားလာမှုလုပ်ငန်းကို အထောက်အကူပြုနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် အခွင့်အလမ်းများဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ကဏ္ဍများအလိုက် ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့လိုက်ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးခွန်းမေးမြန်းခြင်းများကို ပြန်လည်ဖြေကြား၍ ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် Forum သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လျော့နည်းကျဆင်းခဲ့ရသည့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်ကောင်းမွန်လာစေရန်၊ အခြေခံအဆောက်အအုံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များထားရှိပြီး ဦးစားပေးအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် B.O.T လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ကျင်းပခြင်းဖြစ်ပါသည်။

## နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကို မတ်လ ၃၀ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ

နှင့်အဖွဲ့ဝင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း၏ ၂၀၂၄ ခုနှစ်၊ အမျိုးသားပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများ၏ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များမရှိမဖြစ်လိုအပ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်မှာလည်း အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်ကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် လူငယ်လူရွယ်များအနေနှင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုအင်အားကို အလေးထားတတ်လာမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ဟိုတယ်ဇုန်ကဲ့သို့ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်ဇုန်များကလည်း မိမိတို့ဇုန်အလိုက် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးစေလိုပါကြောင်း၊ ဟိုတယ်များရှိ ဝန်ထမ်းများအနေနှင့် ဝန်ဆောင်မှုပေးရသောဝန်ထမ်းများဖြစ်သဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လုပ်ငန်းခွင်ပျော်၍ လုပ်ငန်းများ အောင်မြင်တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ မိုက်ခ်် (MICE) ခရီးသွားလုပ်ငန်းသာမက အားကစားခရီးသွားလုပ်ငန်းတို့ကိုပါ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်မင်းထွန်းက ပြိုင်ပွဲဖြစ်ပေါ်လာပုံနှင့်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ပြိုင်ပွဲကျင်းပရေး ဒါရိုက်တာများ၊ အမှတ်ပေးအကဲဖြတ် ဒိုင်လူကြီးများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများ၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဆု ရရှိသည့် ဟိုတယ်အသင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်ဟိုတယ်များ အားလုံးကိုယ်စား ရွှေနန်းတော်ဟိုတယ်မှ ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါသည်။

## မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြန်အလှန် ဆွေးနွေးညှိနှိုင်းရေးဆွေးနွေး

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ကို မတ်လ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ အဆိုပါတွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ ပါဝင်တက်ရောက်ကြပါသည်။



တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ခရီးသွားမြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ အဏ္ဏဝါခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်းအမျိုးအစားများ အတူတကွဖော်ထုတ်မြှင့်တင်၍ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းနှင့် နှစ်နိုင်ငံခရီးသွားဧည့်သည်များ လွယ်ကူချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားဝန်ကြီးဌာနတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုးခဲ့ခြင်းအပေါ် ဆက်လက်အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံအစိုးရ- ပုဂ္ဂလိကကိုယ်စားလှယ်များပါဝင်သော ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များစီစဉ်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြန်အလှန်ဆွေးနွေးညှိနှိုင်းရေး၊ ထိုင်းနိုင်ငံသို့လာရောက်သည့် ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြရေးအတွက် ခရီးစဉ်များတိုးချဲ့ရေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ထိုင်းခရီးသွားဧည့်သည်များ ငွေကြေးသုံးစွဲမှု အဆင်ပြေစေရေးနှင့် နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပါသည်။

## နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲ

များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကဥက္ကဋ္ဌများ၊ Pioneer Airodrome Services Co., Ltd နှင့် လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားကုမ္ပဏီများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး မြို့တော်ဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ကားလမ်းခရီး၊ ရထားလမ်းခရီးသာမက လေကြောင်းခရီးဖြင့်ပါ လွယ်ကူစွာ သွားလာလည်ပတ်နိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာ အစည်းအဝေးများ၊ ညီလာခံများနှင့် ကုန်စည်ပြပွဲများ ကျင်းပရန် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာများ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် တည်းခိုရိပ်သာများရှိသော နေပြည်တော်ကို MICE(Meetings, Incentives, Conferences, Exhibitions) ခရီးစဉ်ဒေသတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် ဘုရားပုထိုးစေတီများ၊ သဘာဝရှုမျှော်ခင်းများ၊ အပန်းဖြေဥယျာဉ်များနှင့် ပြတိုက်များစသည်ဖြင့် ခရီးသွားဆွဲဆောင်ရာ နေရာ ၃၈ ခုရှိပါကြောင်း၊ ထိုကဲ့သို့ အခြေခံကောင်းများစွာရှိသည့် နေပြည်တော်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် ဈေးကွက်ရှာဖွေမြှင့်တင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆွဲဆောင်မှုပိုမိုကောင်းမွန်သော ဦးစားပေးနေရာများ ရွေးချယ်၍ ခရီးစဉ်လမ်းကြောင်းများ ရေးဆွဲခြင်း၊ Promotion Campaign အစီအစဉ်များ ရေးဆွဲခြင်းတို့ကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် ယနေ့အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် နေပြည်တော်၏ ခရီးသွားမြှင့်တင်ရေး အစီအစဉ်နှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နေပြည်တော်ကို ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်များ၊ ခရီးသွားဆွဲဆောင်ရာနေရာများ၊ Promotion Campaign အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက နေပြည်တော်၏ ခရီးသွားမြှင့်တင်ရေးအစီအစဉ်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကျင်းပ

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို မတ်လ ၂၂ ရက်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းပြီး လူမှုကွန်ယက်စာမျက်နှာများ၌ မဟုတ်မမှန်သတင်းတု၊ သတင်းမှားများ ဖြန့်ဝေရေးသားနေသည့်အတွက် ဝန်ထမ်းများအယုံမလွယ်စေရန် ယနေ့အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ယခုလတ်တလော အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေမဟုတ်ဘဲ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၉ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ယင်းပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်ကြောင်းကိုသာ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိပါကြောင်း၊ ယင်းအပြင် စစ်ပညာသင်ကြားရန်နှင့် လိုအပ်ပါက နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စီးပွားရေး၊ လုံခြုံရေးတို့ကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာအချက်အလက်များကို တရားဝင်ထုတ်ပြန်သည့် သတင်းဌာနများ၏ ထုတ်ပြန်ချက်များ၌သာ လေ့လာကြရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ယနေ့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး နိုင်ငံအကျိုး၊ ဝန်ကြီးဌာနနှင့် ပြည်သူ့အကျိုးအတွက် ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ သိကောင်းစရာများ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ အချက်အလက်များအား အသေးစိတ်ရှင်းလင်းပြောကြားပါသည်။

## ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို မတ်လ ၂၀ ရက်နေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စာရင်းဇယားများအရ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ပြန်လည်တိုးတက်လာသကဲ့သို့ ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ အဓိက ခရီးသွားဈေးကွက်ဝင်နိုင်ငံများကို ပြည်ဝင်ဗီဇာဖြေလျှော့ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ၂၀၂၃ ခုနှစ် နှစ်လယ်မှစ၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ ခရီးစဉ်ဒေသအလိုက် ဈေးကွက်၏ လိုအပ်ချက်နှင့် ဖြည့်တင်းပေးနိုင်မှု အခြေအနေများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံတကာအစည်းအဝေးများ၊ ခရီးသွားပြပွဲများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံခရီးသွား လုပ်ငန်းဝန်ကြီးများ အစည်းအဝေး၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် အမှာစာများကို ဖတ်ကြားတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် လိုင်စင်ထုတ်ပေးထားရှိမှု အခြေအနေများ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ထားရှိမှုအခြေအနေများ၊ ခရီးစဉ်ဒေသဖွံ့ဖြိုးရေးအတွက် ခရီးသွားဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများက ခရီးသွားဈေးကွက်ဝင်နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးနှင့် ခရီးသွားမြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ကမ်းရိုးတန်းသယံဇာတများမပျက်စီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှ CEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှ CEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ထိုင်းနိုင်ငံ၏ နာမည်ကျော် အနုပညာရှင်များနှင့် ခရီးသွားမှတ်တမ်းရိုက်ကူးရေး ပညာရှင်အဖွဲ့အား မတ်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များနှင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်နိုင်ရန်အတွက် နှစ်နိုင်ငံ ပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်သွားမည့်အခြေအနေ၊ ထိုင်း- မြန်မာ နှစ်နိုင်ငံ ခရီးသွားမြှင့်တင်ရေးအစီအစဉ်များကို ရေးဆွဲပြီး ထိုင်းနိုင်ငံမှ ခရီးသွား ဧည့်သည်များအပြင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကိုလည်း ဖိတ်ခေါ်နိုင်ရေး၊ မြန်မာနိုင်ငံ မြောက်ပိုင်းကချင်ပြည်နယ်ရှိ ရေခဲတောင်တန်းခရီးစဉ်ဒေသသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် တစ်ခုတည်းသော ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သဖြင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ယင်းဒေသသို့ လာရောက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေးဗီဒီယိုများရိုက်ကူး၍ ဆိုရှယ်မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ပြည်ပခရီးသွားမှတ်တမ်းရိုက်ကူးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ ထိုင်းနိုင်ငံ Pearl Vacations Co., Ltd မှCEO ဖြစ်သူ Mr. Komsan Tungthirasuk ဦးဆောင်သော ထိုင်းနိုင်ငံ၏ နာမည်ကျော် အနုပညာရှင်များနှင့် ခရီးသွားမှတ်တမ်းရိုက်ကူးရေး ပညာရှင်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ၊ မန္တလေးမြို့ရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားမြှင့်တင်ရေးဗီဒီယိုများ သွားရောက်ရိုက်ကူးသွားမည်ဖြစ်ပါသည်။

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ခရီးစဉ်များ ရေးဆွဲဖော်ဆောင်ကြရန် လိုအပ်




မကွေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို မတ်လ ၇ ရက်နေ့ နံနက်ပိုင်းတွင် မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။ ဖိုရမ်သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မကွေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းများဖြစ်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ထို့ကြောင့် ယနေ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သော လှုပ်ရှားမှုများကို ပေါင်းစပ်ပြီး ခရီးစဉ်များ ရေးဆွဲဖော်ဆောင်ကြရန်လိုအပ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဘုရားဖူးခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် အခြားခရီးသွားလုပ်ငန်းအမျိုးအစားများကို ဖော်ဆောင်နိုင်ကြောင်း၊ စာရင်းဇယားများအရ မကွေးတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ပြည်တွင်းခရီးသွားဝင်ရောက်မှု ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်သကဲ့သို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ဈေးကွက်မြှင့်တင်ကြော်ငြာရေးလုပ်ငန်းများကိုလည်း အွန်လိုင်းမီဒီယာများမှတစ်ဆင့် ကျယ်ပြန့်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ (၁၂) လရာသီပွဲတော် ပြက္ခဒိန်ရေးဆွဲပြီး ခရီးသွားများကိုဆွဲဆောင်နိုင်ရေး၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေး၊ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေရေးအတွက် စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ သဘာဝပတ်ဝန်းကျင်ရှုထောင့်တို့ကို အခြေခံပြီး ဖော်ဆောင်နိုင်ရေးနှင့် မကွေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားထုတ်ကုန်များ၊ ခရီးသွားဆွဲဆောင်ရာနေရာများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ရောက်ရှိမှုအခြေအနေများ၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကပြဖျော်ဖြေပေးခဲ့ကြသော အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒေသထွက်အစားအစာများနှင့် ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါဖိုရမ်၏ ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များက ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းစဉ်များ၊ မကွေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ ခရီးစဉ်ဒေသတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အဖွဲ့လေးဖွဲ့ခွဲကာ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသော အချက်အလက်များ နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Website များတွင် ပိုမိုပါဝင်လာစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးနှင့် ဈေးကွက်ရှာဖွေရေး၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Website များတွင် မြန်မာနိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုပါဝင်လာခြင်းအားဖြင့် digital ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာစေရန် မတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်သင်ကြားပေးနေသော တက္ကသိုလ်/ ကောလိပ်များမှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများကို အွန်လိုင်းမှ တွေ့ဆုံသည်။




အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခြေခံဆောင်ရွက်ပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနေသော ကဏ္ဍကြီးများအနက်တစ်ခုပင်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ခရီးသွားဧည့်သည်များ ရောက်ရှိလည်ပတ်မှု

အခြေအနေနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ပြည်တွင်းခရီးသွားအရေအတွက်မှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၃ ရာခိုင်နှုန်းကျော် တိုးတက်သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုအနေနှင့် ၃၀ ရာခိုင်နှုန်းခန့်သာ ပြန်လည်ရောက်ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သကဲ့သို့ ပြည်ဝင်ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာရေးအတွက် ခရီးစဉ်ဒေသများကြော်ငြာခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်အမှတ်တံဆိပ်ကို ကမ္ဘာက ပိုမိုသိရှိနိုင်စေရန် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် အစိုးရနှင့်ပုဂ္ဂလိက ကိုယ်စားလှယ်များပါဝင်သော ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍရှိ အစိုးရ၊ ပုဂ္ဂလိက၊ ပညာရပ် အသိုင်းအဝိုင်းနယ်ပယ်ရှိသူ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

## ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ် (၅၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အချင်းပြည့်ဝသည့် ဧည့်လမ်းညွှန်ကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ မတ်လ ၄ ရက်နေ့နံနက်ပိုင်းတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းအမှတ်စဉ် (၅၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဧည့်လမ်းညွှန်များ၊ သင်တန်းနည်းပြဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် အများဆုံးထိတွေ့ဆက်ဆံရသူများ ဖြစ်သောကြောင့် အသိပညာ၊ အတတ်ပညာပြည့်ဝနေစေရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းများနှင့် ဘာသာစကားသင်တန်းများ၊ ဧည့်လမ်းညွှန် သင်တန်းများ၊ ခရီးသွားလုပ်ငန်း MSMEs သင်တန်းများနှင့် အခြားဆက်စပ်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို တက်ရောက်နေကြသည့် သင်တန်းသားသင်တန်းသူများအနေဖြင့် ထူးချွန်ထက်မြက်သော၊ စည်းကမ်းပြည့်ဝသော ဧည့်လမ်းညွှန်တစ်ဦးဖြစ်စေရေး စဉ်ဆက်မပြတ်ကြိုးစားလေ့လာကြရန်၊ နေပြည်တော်ကို လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များကို မိမိတို့နိုင်ငံ၊ မိမိတို့မြို့တော်၏ မှန်ကန်ပြည့်စုံသည့် သတင်းအချက်အလက်များ၊ ယဉ်ကျေးမှုသမိုင်းကြောင်းများကို ရှင်းလင်းပြောကြားပြီး ဧည့်ဝတ်ပျူငှာစွာဖြင့် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်ကြရန်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်မွန်မြတ်သည့် စိတ်ထားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဧည့်လမ်းညွှန်ကောင်းများဖြစ်အောင် ကြိုးစားလေ့လာသွားကြရန်နှင့် နေပြည်တော်ကို ခရီးသွားဧည့်သည်များအတွက် လည်ပတ်ရန်ကောင်းမွန်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းကို ၂၀၂၄ ခုနှစ် မတ် ၄ ရက်မှ ၂၉ ရက်အထိ ရက်သတ္တလေးပတ်အကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား/သူ ၅၄ ဦး တက်ရောက်သင်ကြားလျက်ရှိပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲ ကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ရုံးလုပ်ငန်းတာဝန်များကို စနစ်တကျသိရှိထမ်းဆောင်နိုင်စေရန်နှင့် ရုံးလုပ်ငန်းစွမ်းဆောင်ရည်များတိုးမြှင့်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားသည့် ဌာနတွင်း ရုံးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို မတ်လ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေး မှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ သင်တန်းသား သင်တန်း သူများက Hybrid စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ သင်တန်းသား သင်တန်းသူ အမှုထမ်းငယ်များအနေနှင့် မိမိတို့ လေ့လာသင်ယူခဲ့သော ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် အသုံးချသွားရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေးအတွက် ဝန်ကြီးဌာနမှ သင်တန်းများ ဖွင့်လှစ်ပေးနေရုံသာမက ပြည်တွင်း၊ ပြည်ပသင်တန်းများသို့လည်း စေလွှတ်တက်ရောက်လျက်ရှိကြောင်း၊

အမှုထမ်းငယ်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အရည်အသွေးများ အမြဲတိုးတက်နေစေရန် စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေရန် ခံယူချက်ထား၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ "ဌာနတွင်းရုံးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း"ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၄၁ ဦး တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးဌာန ရုံးအဆောက်အအုံပရဝဏ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ရုံးခွဲများပါဝင်သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်ပါသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင်က ချမှတ်ခဲ့သော သင့်တော်ကောင်းမွန်သည့် မူဝါဒများ၊ စီမံချက်များကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပြီး လက်တွေ့အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ဆောင်ရွက်သင့်သည်များကိုလည်း ပြုပြင်လျက်ရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကဏ္ဍကြီးအောက်တွင် ပါဝင်ပြီး ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရန်လိုအပ်ပြီး ၎င်းတို့၏ အခက်အခဲများကို မူဝါဒ၊ စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက အတတ်နိုင်ဆုံး အကူအညီပေးကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက ကဏ္ဍပိုင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးအတွက် အစိုးရ- ပုဂ္ဂလိက အားလုံးပါဝင်သော Public Private Dialogue များကို working group အဖွဲ့များဖွဲ့၍ အပြန်အလှန်ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ခရီးစဉ်ဒေသများ၌ ခရီးသွားလုပ်ငန်းများ ပြန်လည် ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် နယ်ရုံးခွဲများ၏ အခန်းကဏ္ဍမှာ အရေးကြီးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေနှင့် ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေး ဆောင်ရွက်ရမှာဖြစ်သလို ပြည်တွင်းခရီးသွားလုပ်ငန်းဆက်လက်ဖွံ့ဖြိုးရေးကိုလည်း ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပပြီး ဆွဲဆောင်မှုရှိသော ခရီးစဉ်များဖြစ်အောင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များအား ခရီးစဉ်ဒေသအားလုံး၌ ဖွဲ့စည်းထားကြရန်လိုအပ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုအားကောင်းစေရန်ကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနက ထုတ်ပြန်ရေးဆွဲထားသော မူဝါဒနှင့်ညွှန်ကြားချက်များကိုလည်း မိမိတို့ တိုင်းနှင့်ပြည်နယ်များရှိ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများက လိုက်ပါဆောင်ရွက်ကြရေးအတွက် တိုက်တွန်းနှိုးဆော်ကြရန်နှင့် ကူညီပံ့ပိုးရန်ရှိသည်များကိုလည်း ကူညီပေးကြရန်လိုအပ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများအနေနှင့် မိမိတို့ တာဝန်ယူထားသော နေရာဒေသအလိုက် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြပေးစေလိုပါကြောင်းပြောကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများအနေနှင့် ဝန်ကြီးဌာနက ချမှတ်ထားသော ဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ ဝန်ထမ်းများ၏ အရည်အသွေးနှင့်စွမ်းဆောင်ရည်ပြည့်ဝနေအောင်ကြိုးစားကြရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာနမှ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှု အခြေအနေများအား ပြောကြားပါသည်။

၎င်းနောက် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ အကောင်အထည်ဖော်နိုင်မှုများ၊ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသများသို့ ပြည်တွင်း/ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများ၊ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ ပထမနေ့အစီအစဉ်ကို ရုပ်သိမ်းခဲ့ပါသည်။ ဒုတိယနေ့အစည်းအဝေးကို ၁၆-၂-၂၀၂၄ ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ့ခရီးသွားဘဏ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်းနှင့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပပြုလုပ်သော ဝန်ထမ်းထုမိတ်ဆုံစားပွဲသို့ တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာ့ခရီးသွားဘဏ်မှ CEO ဦးဝင်းလွင်နှင့် တာဝန်ရှိ

သူများကို ဖေဖော်ဝါရီ ၉ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် ငွေကြေးပေးချေမှုကိစ္စရပ်များ လွယ်ကူအဆင်ပြေမှုရှိစေရေးအတွက် ဆွေးနွေးပြောကြားသည်။




တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အတွက် မြန်မာ့ခရီးသွားဘဏ်ကိုထူထောင်ခဲ့မှု၊ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဘဏ်များ၏ အခန်းကဏ္ဍအရေးကြီးမှု၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ၏ ငွေကြေးပေးချေမှု လွယ်ကူအဆင်ပြေစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သည့် ဝန်ထမ်းထုမိတ်ဆုံစားပွဲသို့ တက်ရောက်၍ စနစ်တကျရှိခြင်းနှင့် စည်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းသည် ရုံးလုပ်ငန်းများ အောင်မြင်ရေးအတွက် အရေးကြီးသဖြင့် ကြိုးစားလေ့ကျင့်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်းနှင့် အရည်အချင်းပြည့်ဝပြီး ဝန်ကြီးဌာနနှင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့လာသင်ယူသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်

ဖေဖော်ဝါရီ ၂၆ နေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ခိုင်သည် ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။



ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မန္တလာတက္ကသိုလ် (မန္တလေး)၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်) တို့မှ ပါမောက္ခချုပ်များနှင့် ဆရာဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရုံးခွဲတာဝန်ခံများနှင့်အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ ၏ ရည်မှန်းချက်များ၊ အာဆီယံမှ ရေးဆွဲအတည်ပြုထားပြီးဖြစ်သော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစံနှုန်းများကို ခရီးစဉ်ဒေသများ၌ ဝန်ဆောင်မှုအရည်အသွေးများ တစ်ပြေးညီတိုးမြှင့်စေရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက-ဒေသခံ ပြည်သူလူထုအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာဆီယံအနေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးကို တစ်ပေါင်းတစ်စည်းတည်းသော အရည်အသွေးမြင့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ဆောင်ရန် ရည်မှန်းထားရှိကြောင်း၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆိုင်ရာစံနှုန်း ၁၀ ခုကို ရေးဆွဲအတည်ပြုထားပြီးဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသူများ၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် လိုက်နာကျင့်သုံးကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ခရီးစဉ်ဒေသနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုပေါင်း ၁၂၁ ဆုကို ရရှိထားကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်ဒေသများ အရည်အသွေးမြင့်မားရေး တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များသာမက ကျွမ်းကျင်လုပ်သားများ၏ ကျွမ်းကျင်မှုအရည်အချင်းများသည်လည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရောဝတီတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှု၊ ခရီးသွားဧည့်သည်ဝင်ရောက်မှု၊ ခရီးသွားထုတ်ကုန်များနှင့် ခရီးစဉ်ဒေသများ ဖော်ထုတ်ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ရောဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးတင်အေး၊

တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၅ ရက်နေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေနှင့် ငွေဆောင်ယံကမ်းခြေများရှိ ဟိုတယ်များနှင့် Sea & Lake အပန်းဖြေစခန်း၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စွန့်စားခရီးသွားလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဒီရေတောတံတားနှင့် ခရီးသွားဧည့်သည်များ အပန်းဖြေအနားယူနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ဟိုတယ်၌ ပုသိမ်ခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၊ ဟိုတယ်လုပ်ငန်းရှင်များ၊ တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုသိမ်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သဘောသဘာဝများ၊ ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်း၏ အရေးပါမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ရွှေမုဋ္ဌောဘုရားသို့သွားရောက်ဖူးမြော်ကာ ဘုရားဖူးခရီးသွားဧည့်သည်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပုသိမ်မြို့ ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ချောင်းသာမြို့သို့ သွားရောက်၍ ချောင်းသာကမ်းခြေဒေသရှိ Azura Hotel ၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ချောင်းသာကမ်းခြေဒေသသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ကြိုက်နှစ်သက်သည့် ဆွဲဆောင်မှုရှိသော ကမ်းခြေခရီးစဉ်ဒေသတစ်ခုဖြစ်ပြီး ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သော ခရီးသွားလှုပ်ရှားမှုများကိုဖန်တီး၍ ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များကို ဒေသရှိအစိုးရ-ပုဂ္ဂလိက အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ထံလာရောက်သော ဧည့်သည်များကို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရန်၊ ဝန်ကြီးဌာနမှ စီစဉ်ရေးဆွဲထားသော အစီအစဉ်များကို လိုက်ပါအကောင်အထည်ဖော်ကြရန်နှင့် ချောင်းသာကမ်းခြေခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ချောင်းသာကမ်းခြေဒေသပတ်ဝန်းကျင်တွင် ခရီးစဉ်ဒေသများ ဖော်ထုတ်ထားရှိမှု၊ ဈေးကွက်မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ခရီးသွားလုပ်ငန်းအမျိုးအစားများ ဖော်ထုတ်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချောင်းသာကမ်းခြေဒေသရှိ New Chaung Tha Hotel သို့ သွားရောက်၍ ခရီးသွားဧည့်သည်များအတွက် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများပေးနိုင် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး (၇၆) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး



မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ တံ့ဂပူရိဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ MSMEs လုပ်ငန်းရှင်များ တက်ရောက်ကြပြီး အာဆီယံ-ဂျပန်စင်တာမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံ-ဂျပန်စင်တာမှ “ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု” နှင့် “လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု” တို့နှင့် စပ်လျဉ်းသော စီမံကိန်းနှစ်ခုကို ရရှိထားကြောင်း၊ ယင်းစီမံကိန်းများအနေဖြင့် ပြည်တွင်း MSMEs လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေးအသိအမြင်များနှင့် ကွန်ရက်ချိတ်ဆက်မှု အခွင့်အလမ်းများကို ဖန်တီးပေးရန် ရည်ရွယ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများပေးနိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော် ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အချုပ်၏ အစီရင်ခံစာတွင်တွေ့ရှိရကြောင်း၊ MSMEs လုပ်ငန်းများသည် နိုင်ငံ၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ အောင်မြင်ရန် ငွေကြေး၊ လူသားအရင်းအနှီး၊ လုပ်ငန်းကွန်ရက်များနှင့် ဈေးကွက်တို့ ရရှိမှုပေါ်တွင် မူတည်လျက်ရှိကြောင်း၊

MSMEs လုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ-ဂျပန် စင်တာမှ Programme Director Mr. Chairat Liengkajornkiet က အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကျိုင်းတုံမြို့၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့တက်ရောက်



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုးသည် မတ်လ ၂၉ ရက်နေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ Amazing Hotel ၌ ကျင်းပပြုလုပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော "Center for Tourism Development (Keng Tung)" စီမံကိန်း၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်း တည်ဆောက်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံဒေသရှိ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေး (Destination Management Organization- DMO) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ ကျိုင်းတုံတက္ကသိုလ်မှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် ဧည့်လမ်းညွှန်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁)ဖြင့် ပထမဆုံးဆောင်ရွက်ခဲ့သည့် စီမံကိန်းမှာ "The Establishment of Tourism Research Center" စီမံကိန်းဖြစ်ပါကြောင်း၊ ဒုတိယစီမံကိန်းမှာ မဲခေါင်-လန်းချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ ဖြင့် ဆောင်ရွက်နေသည့် The Establishment of Bakery & Pastry Training စီမံကိန်းဖြစ်ပြီး တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ယခု ကျိုင်းတုံမြို့တွင် ဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်းတည်ဆောက်ရေးစီမံကိန်းနှင့် ကိုဗစ်အလွန်ကာလ ယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသများ၌ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး စီမံကိန်းစသည့် စီမံကိန်း ၂ ခု ကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိထားပါကြောင်း၊ ယခုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် Center for Tourism Development စီမံကိန်းသည် ခရီးသွားလုပ်ငန်း အရင်းအမြစ်ပေါများသော ရှမ်းပြည်နယ်အရှေ့ပိုင်း၏ ခရီးသွားကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုပညာရပ်များကို သင်ကြားပေးနိုင်မည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန သင်တန်းကျောင်းတစ်ခုကို တည်ထောင်ရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်နေသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသင်တန်းကျောင်းဆောက်လုပ်နေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဝိုင်းဝန်းဆွေးနွေးနိုင်ရန်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် ဆွေးနွေးညှိနှိုင်းရန် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသ၏ ခရီးသွားကဏ္ဍလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်နှင့် စီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားပါသည်။



ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က သင်တန်းကျောင်း ဆောက်လုပ်နေမှုအခြေအနေများနှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပါသည်။



ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် ဝန်ကြီးဌာနမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ရရှိရေးဆောင်ရွက်ချက်များ၊ သင်တန်းများ

ဖွင့်လှစ်သင်ကြားပို့ချပေးနေမှုအခြေအနေများကို ရှင်လင်းတင်ပြပြီးနောက် တက်ရောက်လာကြသူများက စီမံကိန်းဆောင်ရွက်မှုများ၊ သင်တန်းများ ဖွင့်လှစ်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။




မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြားရာ မြန်မာနိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်သည့် ရှမ်းပြည်နယ်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၃၀ ကျော် စုပေါင်းနေထိုင်ကြပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ရိုးရာအစားအစာနှင့် ပွဲတော်များ၊ တောင်တန်းများ၊ စိမ့်စမ်းရေတံခွန်များနှင့် အေးမြသည့် ရာသီဥတုလှိုင်မွေဒေသကဲ့သို့ ချယ်ရီပန်းများ အများအပြားပွင့်သော နေရာများနှင့် ကိုလိုနီခေတ်အဆောက်အဦများ ကျန်ရှိနေမှုတို့သည် ပြည်တွင်းပြည်ပ ခရီးသွားများကိုဆွဲဆောင်နိုင်သည့် အရေးပါသော ခရီးသွားအရင်းအမြစ်များ ဖြစ်ပါကြောင်း၊ ကျိုင်းတုံမြို့တွင် City Tourism, Ethnic Tourism, Pilgrimage Tourism, Recreation Tourism, Community Based Tourism (CBT) ကျေးရွာများစသည်ဖြင့် ခရီးသွားလုပ်ငန်း အမျိုးအစားစုံလင်စွာ ရှိပါကြောင်း၊ ကျိုင်းတုံမြို့၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသခံများအတွက် ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများနှင့်အလုပ်အကိုင်များ ရရှိလာစေပြီး ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသ အလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် ဦးစားပေးဆောင်ရွက်ရမည့် အသေးစိတ်အစီအစဉ်များ ပါဝင်သောကြောင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ထို့အပြင် ခရီးစဉ်ဒေသများတွင် ဆောင်ရွက်ရမယ့်စီမံခန့်ခွဲမှုများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ခရိုင်/ မြို့နယ်အလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (Destination Management Organization–DMO) များကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ(DMOs)အနေဖြင့် လိုအပ်သော ခရီးစဉ်ဒေသစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပရေး၊ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး၊ လုံခြုံစိတ်ချပြီး အဆင်ပြေချောမွေ့စွာသွားလာလည်ပတ်နိုင်ရေး၊ ဒေသထွက်အစားအစာများ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ပုဂ္ဂလိကအသင်းအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကျိုင်းတုံခရီးစဉ်ဒေသ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်လုပ်ငန်းရှင်များ အားလုံးတက်တက်ကြွကြွပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သောကြောင့် ယနေ့ပြုလုပ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှ ရလဒ်ကောင်းများ ထွက်ပေါ်လာစေရေးအတွက် အပြန်အလှန်ဆွေးနွေးဖော်ထုတ်သွားကြစေလိုပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကျိုင်းတုံခရီးစဉ်ဒေသရှိ ခရီးသွားဆွဲဆောင်ရာနေရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုအခြေနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ် ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO)များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီးနောက် အဖွဲ့လေးဖွဲ့ခွဲကာ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် နိုင်ငံပိုင်ဟိုတယ်ဖြစ်သည့် ကျိုင်းတုံပါရာဒိုက်(စ်)ဟိုတယ်သို့ သွားရောက်ကာ ပြုပြင်မွမ်းမံတည်ဆောက်နေမှုများကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကျိုင်းတုံရုံးမြေနေရာတွင် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်နေသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနသင်တန်းကျောင်းဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

## မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်(၂၀၂၄)နှင့် ဆက်စပ် အစည်းအဝေးများသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်




(၅၃)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေး၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်–၂၀၂၄ တို့ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယူနန်ပြည်နယ်၊ လီဂျန့်မြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်ခဲ့ရာ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အလုပ်အမှုဆောင်ဒါရိုက်တာ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရပုဂ္ဂလိကကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်၍ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ပြည်ပဧည့်သည်လာရောက်မှုများ

ဝန်ကြီးဌာနအနေဖြင့် လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်သော ကမ္ဘာလှည့်ခရီးသည်များအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၄-၅-၂၀၂၂ ရက်နေ့မှ ၃၁-၃-၂၀၂၄ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည်ပေါင်း (၂၀၉၆၁)ဦး၏ ခရီးစဉ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၀-၄-၂၀၂၄)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၀-၄-၂၀၂၄) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၇၄၁(လုံး) |
| | | ၈၆၉၃၀(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၈၄(လုံး) |
| | | ၁၃၆၂၁(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၄၂၅(လုံး) |
| | | ၁၀၀၅၅၁(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၂၇၄၀(ခု) |
| | (ခ ) ပြည်ပ | ၉၀၂(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၅၉၀၁(ခု) |
| | (က)ဧည့်လမ်းညွှန် | ၃၇၄၅(ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၁၅၆(ခု) |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၃ ဇန်နဝါရီမှ ဧပြီလအထိ | ၂၀၂၄ ဇန်နဝါရီလ ဧပြီလအထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်ဝင်ရောက်သူများ | ၈၉၁၆၂ | ၉၆၂၆၄ | ၇၁၀၂ | (+) ၈% |
| ၂ | သင်္ဘောဖြင့်ဝင်ရောက်သူများ | ၂၉၇ | ၁၈၂ | (-) ၁၁၅ | (-) ၃၉% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | ၉၃၂၀ | ၄၄၂ | (-) ၈၈၇၈ | (-) ၉၅% |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၉၈၇၇၉** | **၉၆၈၈၈** | **-၁၈၉၁** | **(-)၂%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ (EP,BP,TBP) | ၁၅၁၀၉၆ | ၃၃၈၅၅၁ | ၁၈၇၄၅၅ | (+)၁၂၄% |
| **စုစုပေါင်း** | | **၂၄၉၈၇၅** | **၄၃၅၄၃၉** | **၁၈၅၅၆၄** | **(+)၇၄%** |

၁-၅-၂၀၂၄ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ်(၅၅၉)လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၅၀၉)လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၅၀၉)လုံးအနက် (၄၇၇)လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးထောက်ခံတင်ပြလာခဲ့ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့်အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၁-၄-၂၀၂၄) ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားမှု | Online Approve များအနက် Plaque ထုတ်ပေးထားမှု | Online Approve များအနက် Plaque မရရှိသေးသည့် ဟိုတယ်/ တည်းခိုရိပ်သာများ | ဆောင်ရွက်ဆဲ ဟိုတယ်/ တည်းခိုရိပ်သာများ | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခိုရိပ်သာများစာရင်း | လျှောက်ထားမှု ရာခိုင်နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ၅၅ | ၅၁ | ၅၀ | ၁ | ၄ | ၁၀၁ | ၅၄ |
| ၂ | မန္တလေး | ၅၉ | ၄၄ | ၃၆ | ၈ | ၁၅ | ၅၈၇ | ၁၀ |
| ၃ | ရန်ကုန် | ၇၄ | ၇၂ | ၇၁ | ၁ | ၃ | ၄၉၂ | ၁၅ |
| ၄ | ပဲခူး | ၁၁ | ၉ | ၉ | ၀ | ၂ | ၁၀၂ | ၁၁ |
| ၅ | စစ်ကိုင်း | ၂၄ | ၂၂ | ၂၂ | ၀ | ၂ | ၆၂ | ၃၉ |
| ၆ | တနင်္သာရီ | ၂၆ | ၂၃ | ၂၃ | ၀ | ၃ | ၆၄ | ၄၁ |
| ၇ | ဧရာဝတီ | ၂၂ | ၁၉ | ၁၉ | ၀ | ၃ | ၁၂၂ | ၁၈ |
| ၈ | မကွေး | ၁၈ | ၁၈ | ၁၈ | ၀ | ၀ | ၅၉ | ၃၁ |
| ၉ | ကချင် | ၃ | ၃ | ၀ | ၃ | ၀ | ၇၈ | ၄ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၅၀ | ၄၅ | ၄၂ | ၃ | ၀ | ၆၀ | ၈၃ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၁၅ | ၁၄ | ၁၂ | ၂ | ၁ | ၁၀၂ | ၁၅ |
| ၁၄ | ရှမ်း | ၁၇၂ | ၁၅၉ | ၁၄၆ | ၁၃ | ၁၃ | ၄၄၉ | ၃၈ |
| ၁၅ | မွန် | ၃၄ | ၃၀ | ၂၉ | ၁ | ၄ | ၈၉ | ၃၈ |
| **စုစုပေါင်း** | | **၅၅၉** | **၅၀၉** | **၄၇၇** | **၃၂** | **၅၀** | **၂၄၁၃** | **၂၃** |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဘာသာစကားသင်တန်း**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေး နှင့် ရုရှားခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်ရည်ရွယ်၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) ရန်ကုန်တွင် ရုရှားဘာသာစကား (အခြေခံ) သင်တန်း၊ အမှတ်စဉ် (၃) ကို (၄-၃-၂၀၂၄) ရက်နေ့မှ (၁၀-၄-၂၀၂၄) ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၄၈) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ဧည့်လမ်းညွှန်သင်တန်း**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ရန်ကုန် (CTD) တွင် ဧည့်လမ်းညွှန် (အထူးမွမ်းမံ) သင်တန်းကို ရန်ကုန်မြို့တွင်လည်းကောင်း၊ နေပြည်တော်နှင့် ကော့သောင်းမြို့တို့တွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းများကို စုစုပေါင်း သင်တန်းသားဦးရေ(၁၂၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သင်တန်းများ**

မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ ရန်ကုန် (CTD) တွင် မုန့်ဖုတ်နည်းသင်တန်းနှင့် မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်းကို စုစုပေါင်းသင်တန်း (၂) ကြိမ်၊ သင်တန်းသား (၄၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

| စဉ် | သင်တန်းအမျိုးအစား | စုစုပေါင်း | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁။ | ရုရှားဘာသာစကား(အခြေခံ)သင်တန်း | ၁ | ၄၈ |
| ၂။ | ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း | ၁ | ၅၇ |
| ၃။ | ဒေသဆိုင်ရာဧည့်လမ်းညွှန်(အခြေခံ)သင်တန်း၊ အမှတ်စဉ်(၅၂) | ၁ | ၅၀ |
| ၄။ | ဧည့်လမ်းညွှန်(အထူးမွမ်းမံ)သင်တန်း၊ အမှတ်စဉ်(၁၁) | ၁ | ၁၃ |
| ၅။ | မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် မုန့်ဖုတ်နည်း သင်တန်း | | ၂၀ |
| ၆။ | မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် မုန့်ဖုတ်နည်း ဆရာဖြစ်သင်တန်း | ၁ | ၂၀ |
| စုစုပေါင်း | | ၆ | ၂၀၈ |

**ပြည်ပသင်တန်း**

၂၀၂၄ ခုနှစ်၊ (ဖေဖော်ဝါရီလမှ ဧပြီလ) အထိ Online/ In person ဖြင့် အောက်ပါအတိုင်း ပါဝင်တက်ရောက်ခဲ့ပါသည်။ ပြည်ပသင်တန်းသို့ Inperson ဖြင့် အိန္ဒိယနိုင်ငံ(၁)ဦးနှင့် ထိုင်းနိုင်ငံ(၁)ဦး၊ စုစုပေါင်း (၂) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ ပြည်ပအစည်းအဝေးနှင့် ဆွေးနွေးပွဲသို့ Online ဖြင့် (၂) ဦး၊ In person ဖြင့် မလေးရှားနိုင်ငံ (၂) ဦး၊ ထိုင်းနိုင်ငံ (၂) ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(၂)ဦး တက်ရောက်ခဲ့ပါသည်။ (Online/ Inperson) ဖြင့် ပြည်ပအစည်းအဝေးနှင့် ဆွေးနွေးပွဲသို့ စုစုပေါင်း (၈) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ သို့ပါ၍ (Online/ Inperson) ဖြင့် ပြည်ပသင်တန်း၊ အစည်းအဝေးနှင့်ဆွေးနွေးပွဲသို့ စုစုပေါင်း (၁၀) ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ

**(၃၀)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ- ၂၀၂၄ (30th Moscow International Travel & Hospitality Show – MITT 2024) သို့ ခရီးသွားပြခန်းပါဝင်ပြသခြင်း**




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Crocus Expo Centre တွင် ၁၉-၃-၂၀၂၄ ရက်နေ့မှ ၂၁-၃-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၃၀) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ- ၂၀၂၄ (30th Moscow International Travel & Hospitality Show – MITT 2024) သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသခဲ့ပါသည်။

**Workshop on Sustainable Tourism through MSMEs Development ကျင်းပပြုလုပ်ခြင်း**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အာဆီယံ-ဂျပန်စင်တာ၏ National Activities Project 2023 အရ Workshop on Sustainable Tourism through MSMEs Development ကို ၂၀-၂-၂၀၂၄ ရက်နေ့တွင် နေပြည်တော်ဦလည်းကောင်း၊ ၂၆-၂-၂၀၂၄ ရက်နေ့တွင် ပုဂံ၌လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ

**အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**




အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး (ASEAN Tourism Committee Meetings) များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နိုင်ငံအမည်အက္ခရာစဉ်အလိုက် တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ်အဖြစ် ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကူချင်းမြို့တွင် (၁၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ပူးပေါင်းဈေးကွက်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အာဆီယံခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများသို့ မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး (၁၇) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူပါဝင်ရေးကော်မတီအစည်းအဝေးတွင် ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းမှ တွဲဖက်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

**မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အထူးအစည်းအဝေး (Special Meeting of GMS Tourism Working Group) သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်**




မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း မဟာဗျူဟာ ၂၀၃၀ (မူကြမ်း) ရေးဆွဲထားရှိမှုနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး တည်ထောင်ရေး

သဘောတူစာချုပ်စာချုပ် (နောက်ဆုံးမူကြမ်း)တို့နှင့်စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးရန်နှင့် အဆိုပါကိစ္စရပ်များအား ၂၀၂၄ ခုနှစ်၊ မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် အဓိကရလဒ်များအဖြစ် အဆိုပြုတင်ပြရန်အတွက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အထူးအစည်းအဝေး (Special Meeting of GMS Tourism Working Group) ကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၁၉-၃-၂၀၂၄ ရက်နေ့တွင် Inter Continental Bangkok ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးအောင်တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## မွန်ပြည်နယ်

**မော်လမြိုင်မြို့၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**



မွန်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၇-၂-၂၀၂၄ ရက်နေ့တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးမှ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်အသစ်(၂)ခု ခွင့်ပြုပေးခြင်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းရုံးခွဲဖွင့်လှစ်ခွင့်ပြုပေးခြင်းတို့အပြင် ခရီးစဉ်အသစ်ဖော်ထုတ်နိုင်ရေးတို့အတွက် တက်ရောက်လာကြသော ကော်မတီဝင်များမှ အကြံပြုဆွေးနွေးခြင်း၊ အာဆီယံဆုများ ဝင်ရောက်လျှောက်ထားနိုင်ရေးအတွက် လမ်းညွှန်ဆွေးနွေးခြင်းတို့အား ဆောင်ရွက်ခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

**Guest List Management System (GLMS) သင်တန်းပို့ချဆောင်ရွက်မှု**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကို လစဉ်ပြုလုပ်လျက်ရှိပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဧပြီလအထိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင်(၄)မျိုး ခွင့်ပြုထားရှိမှုမှာ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်တွင် ဟိုတယ် (၄၀) လုံး၊ တည်းခိုရိပ်သာ (၂၅)လုံး စုစုပေါင်း (၆၅)လုံး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်တွင် ပြည်တွင်း (၉)ခု၊ ပြည်ပ (၂) စုစုပေါင်း (၁၁)ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်တွင် ဧည့်လမ်းညွှန် (၃၁) ဦး၊ ဒေသဆိုင်ရာဧည့်လမ်းညွှန် (၁၅၀) ဦး စုစုပေါင်း (၁၈၁) ဦး ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ထင်ရှားသည့် ခရီးစဉ်ဒေသ (၄၂) ခုကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် QR Code ဆောင်ရွက်ထားသည်များကို ဖုန်းဖြင့် အလွယ်တကူဖတ်ရှုနိုင်ရန် Vinyl ပြုလုပ်၍ ထင်ရှားသည့်ခရီးစဉ်ဒေသနှင့် ဘုရားပုထိုးစေတီ (၁၀) ခုတွင် Billboard များထားရှိပြီးဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့လိုင်စင်တည်းခိုခန်းများအား GLMS စနစ် အသုံးပြုနိုင်ရေးသင်တန်းအား (၅-၄-၂၀၂၄) ရက်နေ့တွင် မုံရွာမြို့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အစည်းအဝေးခန်းမ၌ မုံရွာမြို့ရှိ တည်းခိုခန်း (၂၂) လုံးမှ ဝန်ထမ်းများအား GLMS စနစ်အသုံးပြုနည်းသင်တန်းအားပို့ချခဲ့ပြီး ကလေးမြို့၊ Ararat Hotel ၌ တည်းခိုခန်း (၁၀) လုံးမှ ဝန်ထမ်းများအား GLMS စနစ် အသုံးပြုနည်းသင်တန်းပို့ချခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး

**Guest List Management System (GLMS) သင်တန်းပို့ချဆောင်ရွက်မှု**



Guest List Management System (GLMS)သင်တန်းအား ၁၄.၃.၂၀၂၄ ရက်နေ့တွင် မကွေးမြို့ရှိ စည်ပင်တည်းခိုခန်း(၂၈)လုံးမှ သင်တန်းသား(၂၈)ဦး၊ ၁၅.၃.၂၀၂၄ ရက်နေ့တွင် မင်းဘူးမြို့နှင့် မင်းလှမြို့ရှိ စည်ပင်တည်းခိုခန်း (၂၀)လုံးမှ သင်တန်းသား(၂၀)ဦးနှင့် ၉.၃.၂၀၂၄ ရက်နေ့တွင် ပခုက္ကူမြို့ရှိ စည်ပင်တည်းခိုခန်း(၃၁)လုံးမှ သင်တန်းသား(၃၁)ဦးအား ပထမအကြိမ် သင်တန်းပို့ချဆောင်ရွက်ပြီးဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီး

**ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပခြင်း**



ပဲခူးတိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့၊ နံနက် ၁၀:၀၀ တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊

ဝန်ကြီးချုပ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) အရောင်းပြခန်းများ ခင်းကျင်းပြသခြင်း**



ပဲခူးတိုင်းဒေသကြီးတွင် ၃၀-၄-၂၀၂၄ ရက်နေ့၌ ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအနေဖြင့် ပဲခူးတိုင်းဒေသတစ်ခုလုံးရှိ (MSME) လုပ်ငန်းများမှ ပြခန်း (၂၀) ခန်းနှင့် အရောင်းဆိုင်ခန်း ၁၀၀ ခန်းဖြင့် ၃ ရက်ကြာ ခင်းကျင်းပြသရောင်းချပေးခဲ့ပါသည်။

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

(၁၂)လ ရာသီပွဲတော်များတွင် ပါဝင်သော မြန်မာ့ရိုးရာထမနဲထိုးပွဲကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းလုံးညီညွတ်မှုရှိစေရန်နှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန၌ ကျင်းပသည်။




အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မြန်မာ့ရိုးရာဓလေ့များကို ထိန်းသိမ်းပြီး စည်းလုံးမှု၏ စွမ်းအားနှင့်ညီညွတ်မှုတစ္စာ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် အစားအစာဘေးကင်းလုံခြုံရေးကို ဂရုပြုကြ၍ မိမိတို့ရရှိသည့် ကုန်ကြမ်းများနှင့်အချိန်ကို ကောင်းမွန်စွာအသုံးချပြီး ပြိုင်ပွဲဝင်အချင်းချင်း၊ ဝန်ထမ်းအချင်းချင်း ပျော်ပျော်ရွှင်ရွှင်စည်းလုံးညီညွတ်စွာ အကောင်းဆုံးယှဉ်ပြိုင်သွားကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အသင်း သုံးသင်း၊ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့၏ အသင်းအလိုက် တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိခဲ့သည့် အမရာဟိုတယ်အသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဆုရရှိခဲ့သည့် သုခစိုးဟိုတယ်အသင်းကိုလည်းကောင်း၊



အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိခဲ့သည့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအသင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က စတုတ္ထဆုရရှိခဲ့သည့် ဥတ္တရသီဟိုတယ်အသင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပဉ္စမဆုရရှိခဲ့သည့် သင်္ဂဟဟိုတယ်အသင်းနှင့် နှစ်သိမ့်ဆုရရှိခဲ့သည့် အသင်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။